# ဝန်ကြီးချုပ်ရုံး၏ ပြည်နှင်ဒဏ်ဆိုင်ရာ စည်းမျဉ်းမူကြမ်း

**B.E .......**

ထိုင်းနိုင်ငံသည် နိုင်ငံခြားသားများအား နိုင်ငံအတွင်းသို့ ခရီးသွားလာခြင်း၊ နေထိုင်ခြင်း၊ အလုပ်လုပ်ခြင်းနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းများအား ကြိုဆိုသည့် မူဝါဒအား ကျင့်သုံးလျက်ရှိပြီး ယင်းကဲ့သို့ လုပ်ဆောင်နေထိုင်ရာတွင် ထိုင်းနိုင်ငံ၏ ဥပဒေများအား လိုက်နာရမည်ဖြစ်ပြီး ပြည်သူလူထု၏ လုံခြုံရေးနှင့် လူမှုကျင့်ဝတ်ဆိုင်များအား ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည်။ သို့သော် နိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်လာပြီးနောက် မသင့်လျော်သော ပြုမူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း သို့မဟုတ် ကိုယ်ကျိုးအတွက် ဥပဒေများအား လျစ်လျူရှု၍ အကျိုးအမြတ်ရှာဖွေခြင်းတို့ကို ပြုလုပ်သည့် နိုင်ငံခြားသားအချို့ ရှိနေပါသည်။ ဥပမာအားဖြင့် နိုင်ငံခြားသားအချို့သည် အကျင့်ပျက်ချစားသော အစိုးရဝန်ထမ်းများနှင့် ပူးပေါင်း၍ ထိုင်းနိုင်ငံသားဖြစ်ကြောင်း သက်သေပြသည့် အစိုးရစာရွက်စာတမ်းများအား မမှန်မကန် ရယူကာ ထိုင်းနိုင်ငံသားအဖြစ် ရရှိနိုင်သော အကျိုးခံစားခွင့်များရယူရန် ကြိုးပမ်းကြသည်။ အချို့မှာဥပဒေအပေါ် တာဝန်ယူမှုမရှိသော သို့မဟုတ် ဥပဒေကို လျစ်လျူရှုသည့် ထိုင်းနိုင်ငံသားများကို အမည်ခံ (Nominee) အဖြစ် အသုံးပြု၍ စီးပွားရေးလုပ်ငန်းများ တည်ထောင်ကြပြီး၊ ထိုလုပ်ငန်းများမှတစ်ဆင့် မြေယာပိုင်ဆိုင်ခွင့် ရယူခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ အဆိုပါ လုပ်ရပ်များသည် နိုင်ငံအတွင်း ဥပဒေမဲ့စွာ အကျိုးအမြတ်ရှာဖွေခြင်း၊ ထိုင်းနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ယုတ်ပြိုင်ခြင်း၊ ထိခိုက်စေခြင်း၊ လူမှုစည်းကမ်းနှင့် အေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေခြင်းတို့အဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ ထို့ပြင် အချို့ နိုင်ငံခြားသားများသည် ထိုင်းပြည်သူများနှင့် အခြားနိုင်ငံခြားသားများအပေါ် သက်ရောက်မှုရှိသော ရာဇဝတ်မှုများ ကျူးလွန်ကြပြီး ဥပဒေအပေါ် လေးစားမှုမရှိကြောင်း ဖော်ပြနေကြသည်။ အချို့မှာ ထိုင်းလူ့အဖွဲ့အစည်း၏ ကောင်းမွန်သော ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားများနှင့် ဆန့်ကျင်သည့် မဖွယ်မရာ ပြုမူဆောင်ရွက်မှုများကိုလည်း ကျူးလွန်ကြသည်။ ဤသို့သော အပြုအမူများနှင့် လုပ်ရပ်များသည် ထိုင်းပြည်သူများ၏ လုံခြုံရေး၊ အများပြည်သူ ငြိမ်ဝပ်ပိပြားရေးနှင့် ကျင့်ဝတ်များ ထိခိုက်စေပြီး လက်ခံနိုင်ဖွယ်မရှိပါ။ ထို့အပြင် နိုင်ငံခြားသားအများအပြားသည် ငွေကြေးခဝါချမှု လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်း၊ ပြင်းထန်သော ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အများပြည်သူ သို့မဟုတ် နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အနှောင့်အယှက်များနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေခြင်းတို့ ပြုလုပ်ကြသည်။ နောက်ဆုံးအနေဖြင့် တရားမဝင် နိုင်ငံအတွင်း ဝင်ရောက်လာခြင်း၊ ဥပဒေချိုးဖောက်ခြင်းနှင့် ထိုင်းပြည်သူများအား အနှောင့်အယှက် ဖြစ်စေခြင်းများကြောင့် နိုင်ငံအတွင်းမှ ပြည်နှင်ဒဏ်ပေးရန် သင့်တော်သော နိုင်ငံခြားသားများလည်း ရှိနေသည်။ သို့သော် လက်ရှိအချိန်အထိ ပြည်နှင်ဒဏ်ဆိုင်ရာ သီးခြားစည်းမျဉ်းများ မရှိသေးသဖြင့် သက်ဆိုင်ရာ အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အခက်အခဲများ ရှိနေကြပါသည်။ ထို့ကြောင့် နိုင်ငံတော်တစ်ခုလုံး၏ အကျိုးစီးပွားကို ရည်ရွယ်၍ ပြည်နှင်ဒဏ်ဆိုင်ရာ ကိစ္စရပ်များအား လျင်မြန်ပြီး ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန်အတွက် ပြည်နှင်ဒဏ်ဆိုင်ရာ စည်းမျဉ်းတစ်ရပ် ချမှတ်ပြဋ္ဌာန်းရန် မရှိမဖြစ် လိုအပ်ပါသည်။

B.E. 2534 (၁၉၉၁) နိုင်ငံတော်အုပ်ချုပ်ရေးအက်ဥပဒေ ပုဒ်မ ၁၁ (၈) အရ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

## အပိုဒ် ၁

ဤစည်းမျဉ်းကို "ဝန်ကြီးချုပ်ရုံး၏ ပြည်နှင်ဒဏ်ဆိုင်ရာ စည်းမျဉ်း B.E. ...." ဟု ခေါ်တွင်စေရမည်။

## အပိုဒ် ၂

ဤစည်းမျဉ်းသည် အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီး နောက်တစ်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

## အပိုဒ် ၃

ဤစည်းမျဉ်းတွင် -
"နိုင်ငံခြားသား" ဆိုသည်မှာ ပြည်နှင်ဒဏ်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော နိုင်ငံခြားသားကို ဆိုလိုသည်။
"ပြည်နှင်ဒဏ်" ဆိုသည်မှာ ပြည်နှင်ဒဏ်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော ပြည်နှင်ခြင်းကို ဆိုလိုသည်။
"ဝန်ကြီး" ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးကို ဆိုလိုသည်။

## အပိုဒ် ၄

နိုင်ငံခြားသားတစ်ဦးသည် အောက်ဖော်ပြပါ အပြုအမူ သို့မဟုတ် ပြစ်မှုများကို ကျူးလွန်ထားကြောင်း ယုံကြည်နိုင်လောက်သော အကြောင်းရင်းများရှိပါက အများပြည်သူငြိမ်ဝပ်ပိပြားရေးနှင့် ပြည်သူ့ကိုယ်ကျင့်တရားများအား ထိန်းသိမ်းရန်အတွက် ဝန်ကြီးမှ ၎င်းအား နိုင်ငံတော်မှ ပြည်နှင်ဒဏ်ပေးရန် လိုအပ်သည်ဟု သတ်မှတ်နိုင်သည်။

(၁) ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခြင်း သို့မဟုတ် တရားမဝင် နေထိုင်ခြင်း။
(၂) ထိုင်းနိုင်ငံအတွင်းတွင် တရားမဝင် အလုပ်လုပ်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း။
(၃) အခြားသူများနှင့် ပူးပေါင်း၍ အစိုးရစာရွက်စာတမ်းများကို အတုလုပ်ခြင်း သို့မဟုတ် အတုစာရွက်စာတမ်းများ အသုံးပြုကာ မိမိသည် မွေးရာပါ ထိုင်းနိုင်ငံသားဖြစ်ကြောင်း ဖော်ပြခြင်း။

## အပိုဒ် ၄

(၄) ထိုင်းအမည်ခံများ အသုံးပြု၍ စီးပွားရေးလုပ်ငန်း တည်ထောင်ခြင်း သို့မဟုတ် တည်ထောင်ရာတွင် ပါဝင်ခြင်းဖြစ်သော်လည်း စီးပွားရေးလုပ်ငန်း၏ အမှန်တကယ် အကျိုးခံစားခွင့်ရသူ သို့မဟုတ် ထိုလုပ်ငန်းကို ထိန်းချုပ်အုပ်ချုပ်နိုင်သူမှာ ယင်း နိုင်ငံခြားသားဖြစ်နေခြင်း။

(၅) ဥပဒေချိုးဖောက်ခြင်း သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ချမှတ်ခံရနိုင်သည့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်း။

(၆) ရာဇဝတ်မှုတစ်ရပ်ကို ကျူးလွန်ပြီး အပြီးသတ်တရားစီရင်ချက်အရ ထောင်ဒဏ် ချမှတ်ခံထားရခြင်းနှင့် ထောင်မှလွတ်မြောက်လာသူ ဖြစ်ခြင်း။

(၇) အထက်ပါ (၁)၊ (၂)၊ (၃)၊ (၄) ပါ ရာဇဝတ်မှုများအား ကျူးလွန်ရန် စေခိုင်းခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သို့မဟုတ် (၆) ပါ သတ်မှတ်ထားသော ပြစ်မှုအား ကျူးလွန်ခြင်း။

(၈) ပြည်သူလူထု၏ အများပြည်သူငြိမ်ဝပ်ပိပြားရေးနှင့် ပြည်သူ့ကိုယ်ကျင့်တရား များအား ထိန်းသိမ်းရန်အတွက် နိုင်ငံအတွင်းမှ ပြည်နှင်ဒဏ်ချမှတ်ရန် လိုအပ်ကြောင်း ဝန်ကြီးမှ ယူဆရသည့် အခြားသော မသင့်လျော်သည့် အပြုအမူများ သို့မဟုတ် အကျင့် ပျက်ခြစားမှုများ။

အထက်ဖော်ပြပါ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) သို့မဟုတ် (၈) ရှိ အပြုအမူများအား တွေ့ရှိသည့် အစိုးရဌာန၏ အကြီးအကဲသည် ယင်းနိုင်ငံခြားသား၏ ပြစ်မှုကျူးလွန်မှု အား ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် သို့မဟုတ် အမြဲတမ်းအတွင်းဝန်မှ တာဝန်ပေးအပ်ထားသူထံ အမြန်ဆုံး အကြောင်းကြားရမည်။

(၆) အချက်နှင့် သက်ဆိုင်သော အမှုများတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သည် နိုင်ငံခြားသား၏ အမည်နှင့် နိုင်ငံသားအမျိုးအစားကို ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် သို့မဟုတ် တာဝန်ပေးထားသူထံ သိရှိအောင် အကြောင်းကြားရမည် ဖြစ်ပြီး ၎င်းစည်းမျဉ်းအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် အကျဉ်းထောင်မှ မ လွတ်မြောက်မီ အနည်းဆုံး (၁၅) ရက် ကြိုတင်၍ အကြောင်းကြားရမည်။

## အပိုဒ် ၅

အပိုဒ် ၄ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် သို့မဟုတ် တာဝန်ပေးထားသူသည် ယင်းပြစ်မှုအကြောင်းကို ဝန်ကြီးထံ ဆက်လက်တင်ပြရမည်ဖြစ်ပြီး ဝန်ကြီးသည် နှောင့်နှေးမှုမရှိဘဲ ပြည်နှင်ဒဏ် အမိန့် ထုတ်ပြန်ရမည်။ ထိုအမိန့်တွင် ယင်းနိုင်ငံခြားသားအား ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့် ပိတ်ပင်ထားမည့် ကာလကိုလည်း သတ်မှတ်ဖော်ပြနိုင်ပါသည်။

## အပိုဒ် ၆

ပြည်နှင်ဒဏ် ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်နှင်ဒဏ်ချမှတ်ခံရသူ ကို ၎င်း၏ နိုင်ငံသားဖြစ်သော နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရမည်ဖြစ်ပြီး အသုံးပြုမည့် နယ်စပ်စစ်ဆေးရေးဂိတ်၊ လမ်းကြောင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ပြည်ထဲရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် သို့မဟုတ် တာဝန်ပေးထားသူက သတ်မှတ်မည် ဖြစ်သည်။

## အပိုဒ် ၆ (အဆက်)

အကယ်၍ နိုင်ငံသားဖြစ်မှုကို တိကျစွာ မသိရှိနိုင်ပါက ယင်းနိုင်ငံခြားသားသည် ထိုင်းနိုင်ငံသို့ မဝင်ရောက်မီ နောက်ဆုံး နေထိုင်ခဲ့သော နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရမည်။ သို့ရာတွင် ပြည်နှင်ဒဏ်အမိန့် ထုတ်ပြန်ပြီး (၇) ရက်အတွင်း အခြားနိုင်ငံတစ်နိုင်ငံမှ ပြည်နှင်ဒဏ်ချမှတ်ခွထားရသူအား လက်ခံမည်ဖြစ်ကြောင်း လျှောက်ထားတင်ပြပါက ထိုနိုင်ငံသို့ ပို့ဆောင်နိုင်သည်။

## အပိုဒ် ၇

ပြည်နှင်ဒဏ်နှင့် သက်ဆိုင်သော ကုန်ကျစရိတ်များကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ထုတ်ပြန်ကြေညာသည့်နေ့ B.E........**
**အနုတင် ချန်ဗီရာကူလ်**
**ဝန်ကြီးချုပ်**

